ရွှေပုထိုး(မ)ကျေးရွာ

ပင်းတယမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရွှေပုထိုး(မ)ကျေးရွာ၊ ပင်းတယမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီ အစဉ်ရေး ဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဩဂုတ် ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ရွှေပုထိုး(မ) ကျေးရွာ
ပင်းတယမြို့နယ်


ရွှေပုထိုး(မ)ကျေးရွာ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	ကျေးရွာသယံဇာတပြမြေပုံ	
၁	**တည်နေရာနှင့် ပထဝီဝင်အနေအထား**	၅
၂	**ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**	၅
၃	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**	၅
၄	**စီးပွားရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ**	
	(က)သီးနှံစိုက်ပျိုးရေး	၆
	(ခ)မွေးမြူရေးလုပ်ငန်း	၇
	(ဂ)ငါးလုပ်ငန်း	၇
	(ဃ)စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ	၇
	(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၇,၈
၅	**အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**	
	(က)ကျေးလက်သယ်ယူပို့ဆောင်ရေး	၈
	(ခ)ကျေးရွာမီးလင်းရေး	၈
	(ဂ)သတင်းနှင့် ဆက်သွယ်ရေး	၈
၆	**ပညာရေး**	၈,၉
၇	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**	၉
၈	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၉,၁၀
၉	**ကျား-မ ရေးရောကိစ္စရပ်ဆိုင်ရာ**	၁၀
၁၀	**ဦးစားဦးေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**	၁၁

နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၂
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဧယားများ	-
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဧယား	၁၃
	နောက်ဆက်တွဲ(၄)နှစ်အလိုက်ဦးစားပေးစီမံချက်များလျာထားချက်	၁၄

အင်းလယ်ကျေးရွာအုပ်စု ၊ ရွှေပုထိုး (မ) ကျေးရွာသာယာ ဖော်ပြမြေပုံ



၁။ တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ရွှေပုထိုး(မ)ကျေးရွာသည် ပင်းတယမြို့နယ်မြောက်ဘက်ရှိ ပင်းတယ-ရပ်စောက်ကားလမ်းဘေး တွင် တည်ရှိပါသည်။ ကျေးရွာသည် အဓိက စီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မွေးမြူရေးလုပ်ငန်းကိုလည်း တပိုင်တနိုင် လုပ်ကိုင် ကြသည်။ ကျေးရွာ၏ တောင်ဘက်နှင့် အနောက်ဘက် တို့မှ တောင်တန်းများ သွယ်တန်းလျက်ရှိသည် ။ ကျေးရွာတွင် ဆန်စပါး၊လက်ဖက်၊ဂျင်းနှင့် ပြောင်းဖူးကို အဓိကထား စိုက်ပျိုးကြသည်။

၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်

ကျေးရွာသည် အအေးပိုင်းဒေသဖြစ်ပြီး ရာသီဥတုကောင်းမွန်ပါသည်။ သို့သော် သစ်တော များပြုန်းတီးလာမှုကြောင့် ရာသီဥတုဖောက်ပြားတတ်ပါသည်။ သဘာဝရင်းမြစ်များအနေဖြင့် လယ်ယာမြေ အသင့်အတင့်ရှိကြပြီး တောင်စောင်းဒေသဖြစ်ကာ မြေဆီအသင့်အတင့် ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝ သယံဇာတ မထွက်ပါ။ တောင်သူအများစုသည် ရွာ၏ ရေထွက်မှ ရေကို အဓိကထားစိုက်ပျိုးကြပြီး တောင်သူအချို့မှာ မျိုးရေကို အဓိကထား စိုက်ပျိုးကြသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် ဧက ၅၄၀ ဧက ရှိပြီး စပါး ၊ ပြောင်း၊ ခရမ်းချဉ်၊ကြက်သွန်ဖြူသီးနှံများကို အဓိက စိုက်ပျိုးကြသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၂)ဖွဲ့ ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့ နှင့် စီးပွားရေးဆိုင်ရာ (၃)ဖွဲ့ တို့ရှိသည်။ ယင်းအဖွဲ့အနက် ပြင်ပမှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့မှာ ရွှေမေတ္တာလူမှုကူညီရေးအသင်းဖြစ်သည်။ ထိုအသင်းမှာ လှုပ်ရှားမှုအလွန်နည်းပါးသည်။ စီမံအုပ်ချုပ်မှု နှင့် ပတ်သက်၍ နည်းလမ်းများ စနစ်တကျဖြစ်အောင် သင်တန်းများဖွင့်လှစ်ပေးရန်လိုအပ်ပါသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်း များစွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်စီမံအုပ်ချုပ်မှုပိုမိုတိုးတက် ကောင်းမွန်လာနိုင်သည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် ဆန်စပါးနှင့် ပြောင်းဖူးကို အဓိကထား စိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧကမှာ (၂၃၁)ဧက ရှိပြီး ပြောင်းဖူးစိုက်ဧကမှာ (၁၇၀)ဧက ရှိသည်။ မိုးစပါး ပျမ်းမျှအထွက်မှာ (၇၅)တင်း ထွက်ရှိသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်းထုတ် ကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။

တောင်သူအများစုသည် အလုပ်သမား မလုံလောက်၍ အလုပ်သမားကို လုပ်ခပိုမိုပေး၍ ငှားရမ်းရသဖြင့် ကုန်ကျစရိတ်ပိုများသည်။ အလုပ်သမား ဈေးကြီး၍ စပါးကို ပက်ကြဲစိုက်ကြသည်။ မိုးခေါင်မှုကိုလည်း ရင်ဆိုင်ရသည်။ ပြောင်းဖူးစိုက်ရာတွင် မျိုးမကောင်းပါက အထွက်နှုန်းကျဆင်းတတ်သည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ဝက်မွေးမြူသူများရှိပြီး ဒေသဝက်မျိုးများကို မွေးမြူ ကြသည်။ ရာသီအလိုက် ဖြစ်ပွားတတ်သော တိရိစ္ဆာန်ရောဂါများ ရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ ကျေးရွာတွင် မွေးမြူရန်မြေနေရာ အဆင်မပြေ သောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

(ဂ) ငါးလုပ်ငန်း

ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိသောကြောင့် ငါးလုပ်ငန်းဆောင်ရွက်မှုမရှိပါ။

(ဃ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းထုတ်ကုန်လုပ်ငန်းမရှိပါ။ လက်မှုလုပ်ငန်းများလည်း မရှိပါ။ နေ့စား အလုပ်သမား၊ လက်သမား၊ ဈေးရောင်း၊ စက်ချုပ်လုပ်ငန်းတို့သာ ရှိသည်။ ထိုအိမ်ထောင်စုမှာ ဝင်ငွေထွက်ငွေ မညီမျှပါ။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေမှာ များပြားပါသည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများနှင့် အထိအတွေ့နည်းပါးသည်။ လုပ်ငန်းလုပ်ရန် ပညာအရည်အချင်းနိမ့်ကျပြီး သင်တန်းတက်ရန် ကုန်ကျသည့်ငွေကြေးလည်း မတတ်နိုင်ပါ။ လုပ်ငန်းထူထောင်ရန်လည်း ကုန်ကျစရိတ် မတတ်နိုင်ကြပါ။

(င) ဘဏ် နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူအနည်းစုသည် ချေးငွေအသီးသီးဖြင့် လုပ်ကိုင်စားသောက်ကြပါသည်။ သမဝါယမ အသင်းအဖွဲ့မှလည်း ချေးယူကြသည်။ လယ်ယာသုံးစက်ပစ္စည်း၊ အပ်ချုပ်စက် နှင့် အခြားစက်ပစ္စည်းများကိုလည်း အရစ်ကျစနစ်ဖြင့် ရောင်းချပေးပါသည်။ ကျေးရွာတွင် မြို့နယ်ကျေးလက်ဦးစီးဌာနမှ ထုတ်ချေးဖွဲ့စည်းပေးထားသော မြစိမ်းရောင်အဖွဲ့သည် အဖွဲ့ဝင် (၇)ဦးရှိကာ တစ်နှစ်အတိုးနှုန်း(၁.၅%) ဖြင့် အသင်းဝင်များ ငွေချေးယူနိုင်ကြသည်။ ၎င်းအဖွဲ့တွင် ချေးငွေကို (၁၀)လ အထိ ချေးယူနိုင်ပြီး စည်းကမ်းပိုင်းတွင် အသင့်တင့်တင်းကြပ်ထားသည်။ ကျေးရွာသားအများစုသည် ချေးငွေကို စိုက်ပျိုးရေး၊ မွေးမြူရေး အတွက် အဓိကထားချေးယူကြသည်။ ကျေးရွာတွင် အကြွေးထားရှိမှု အနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့်

အလွန်ဆင်းရဲသောအိမ်ထောင်စု အချို့သည် အကြွေးယူထားကြပြီး အကြွေးငွေ (၅၀၀၀)မှ (၁၅၀၀၀၀၀)ထိ ချေးယူကြောင်း တွေ့ရှိရသည်။

၅။ အခြေခံအဆောက်အဦ နှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာ၏ ရွာတွင်းလမ်းမှာ ကျောက်ချောလမ်းသာဖြစ်သည်။ ၎င်းလမ်းကို တစ်နှစ်ပတ်လုံး အသုံးပြုရသော်လည်း လမ်းမကောင်းပါ။ ရေကြောင်းခရီးသယ်ယူပို့ဆောင်ရေး မရှိပါ။ ကျောင်းသွားခြင်း နှင့် ခြံသွားခြင်း တို့တွင် စက်ဘီးကို အသုံးပြုကြသည်။ သယ်ယူပို့ဆောင်ရေး နှင့် သွားလာရလွယ်ကူရေးအတွက် မော်တော်ဆိုင်ကယ် များ၊ ကား၊ ထော်လာဂျီများ၊ နွားလှည်းများကိုသာ အဓိကထားအသုံးပြုကြသည်။ လမ်းပန်း ဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ခြင်းကြောင့် ကုန်စည်စီးဆင်းမှုမှာလည်း လျင်မြန်လာ ပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင် ပိုင်ဆိုင်သည့် ယာဉ်မရှိခြင်းကြောင့် အရေးပေါ် ပြဿနာများဖြစ်ပေါ် လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

(ခ) ကျေးရွာမီးလင်းရေး

ကျေးရွာတွင် ဆိုလာမီးကိုသုံးစွဲသော အိမ်ထောင်စုများနှင့် ဒီဇယ်အင်ဂျင်သုံးစွဲသူ(၁)စု ရှိပါသည်။ မဟာဓါတ်အားလိုင်းအသုံးပြုနိုင်ရန်ဆောင်ရွက်နေပြီဖြစ်သည်။လျှပ်စစ်မီးမရှိ၍ ထမင်းဟင်းချက်ပြုတ်ရန် သစ်ခုတ်၊ အပင်ခုတ်မှုများရှိ၍ တောပြုန်းနေသည်။ ထို့ကြောင့် လျှပ်စစ်မီးရရှိရန် လိုအပ်ကြောင်းတွေ့ရသည်။ ထင်းခုတ်ယူမှုများပြားခြင်းကြောင့် သစ်တောများ ပြုန်းတီးလာပြီး ရာသီဥတုများဖောက်ပြန်လာပါသည်။

(ဂ) သတင်း နှင့် ဆက်သွယ်ရေး

ကျေးရွာတွင် မိုဘိုင်းဖုန်းများကို လူမှုရေး၊ စီးပွားရေးများတွင် အသုံးပြုကြပြီး အင်တာနက် ၊ သတင်း ချိတ်ဆက်မှုများလည်း ရှိကြသည်။ သို့သော်အင်တာနက်သုံးစွဲနိုင်မှုမှာ အသင့်အတင့် ကောင်းမွန်သည်။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၁၁၇)လုံး၊ ရေဒီယို (၂၂)လုံး၊တီဗွီ(၃၇)လုံး နှင့် ဂြိုလ်တုစလောင်း(၁၅)လုံးတို့မှ ရရှိပါသည်။ ဖုန်းလိုင်းရရှိသည့်အတွက် သတင်းနှင့်ဆက်သွယ်ရေးတို့ အတွက် အဆင်ပြေပါသည်။

(ဃ) ပညာရေး

ကျေးရွာတွင် အလယ်တန်းကျောင်းရှိပါသည်။ ဘုန်းကြီးကျောင်းပညာရေးကို သင်ကြားသူတို့လည်း ရှိပါသည်။ မူလတန်း၊ အလယ်တန်း အထိသာ ပညာသင်ကြားပေးနိုင်ကြပါသည်။ အထက်တန်းရောက် ကျောင်းသား/သူ အရည်အတွက်မှာ အလွန်နည်းပါးပါသည်။ ရပ်ရွာတွင် ရှေးအခါက ပညာရေး အလွန်နိမ့်ကျသည်။ ၂၀၀၉ ခုနှစ် နောက်ပိုင်းမှ ပညာရေးကိုအားပေးလာကြသည်။ အလယ်တန်းအောင် များပြားပြီး

အထက်တန်းအောင်သူမှာ (၁၀)သာရှိသည်။ ဘွဲ့ရသူဦးရေမှာ (၁၀)ယောက်သာ ရှိသည်။ သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျသည်။ လူငယ်များအတွက် အခွင့်အလမ်းနည်းပါးသည်။

၇။ ကျန်းမာရေး၊ ရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ရွာသားအများစုသည် ကျန်းမာရေးကောင်းမွန်ကြပြီး အဟာရ ပြည့်ဝကြသည်။ ကလေးငယ်အများစုသည် ကျန်းမာကြသည်။ အမျိုးသမီး၊ လူငယ်လူရွယ် နှင့် သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရေသန့်ရှင်းရေး နှင့် ကျန်းမာရေးအသိအမြင်ရှိကြသည်။ ရွာသူ/သား များ၏ ကျန်းမာရေးအတွက် (၂)မိုင်ကွာတွင် တိုက်နယ်ဆေးရုံရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး အနည်းငယ်ကောင်းမွန်သည်။ ကျောက်တည်၊ အစာအိမ်၊ သွေးတိုး၊ ဝမ်းဗိုက်တွင်းရှိ ရောဂါများ အဖြစ်များသည်ကို တွေ့ရသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိပါ။ အရန်သားဖွားဆရာမ (၂)ယောက်သာ ရှိပါသည်။ တိုက်နယ်ဆေးရုံသည် ရွာနှင့် (၂)မိုင်ခန့်အကွာတွင် ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းပါ၏၊

ကျေးရွာ၏ သောက်သုံးရေကို ၂၀၁၆ ခုနှစ်တွင် ကျေးလက်စီမံကိန်းရုံးမှ ရရှိထားပါသည်။ အရင်နှစ် များတွင် သောက်သုံးရေမလုံလောက်ပါ။

၈။ ဘေးအန္တရာယ် နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် ပြောင်းဖူး၊ ပဲစင်းငုံ၊ ခရမ်းချဉ်တို့ စိုက်ပျိုးရာတွင် ပိုးသတ်ဆေးနှင့် ဓါတုမြေဩဇာ သုံးစွဲမှုများသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာသည်။ ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ဗူးခွံ များကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့်သည်။

၉။ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့် မ အကြား ပြင်းထန်စွာ အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စ များ မတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီး များသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ် များတွင် အခွင့်အရေး တူညီစွာရရှိကြသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့် ၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက် နည်းနေသော်လည်း အလယ်တန်း၊ မူလတန်း အဆင့်တွင် မအရေအတွက် မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော်ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများကို ပိုမိုရရှိကြသည်။

ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုတူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခ လျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျက်ရှိသည်။ ကျား-မတန်းတူညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများမြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှုဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်သည်။

၁၀။ ရွှေပုထိုး(မ)ကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	ကျေးရွာအုပ်စုအမည် - အင်းငယ်		ကျေးရွာအမည် - ရွှေပုထိုး(မ)	မှတ်ချက်
	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	ရေရရှိရေး	ရေရရှိရေး	ရေဖမ်းကန် (၁၀ပေx၁၅ပေx ၁၂ပေ)ရေလှောင်ကန်(၁၅ပေ x၁၈ပေx ၈ပေ) ရေပိုက်	
၂	လျှပ်စစ်မီး	မဟာဓါတ်အားလိုင်း	လျှပ်စစ်မီးရရှိရေး(ထရန်စဖော်မာနှင့် မီးကြိုး)	
၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်း၊ရွာချင်းဆက်လမ်း၊ တံတား ဆောက်လုပ်ခြင်း	ရွာလယ်ကတ္တရာလမ်း (၃)မိုင် အရှည်၊ အကျယ်(၁၂) ပေအကျယ်(၄)စင်း	
၄	စိုက်ပျိုးရေး နည်းပညာ	နည်းပညာ	ရေဝေရေလဲနေကြိုးဝိုင်းသတ်မှတ်၍ ထိန်းသိမ်းခြင်း သစ်ပင်ပြန်လည်စိုက်ပျိုးခြင်း ဟောပြောပွဲပြုလုပ်ခြင်း	
၅	ရေရရှိရေး	ရေရရှိရေး	ကျောင်းသောက်သုံးရေကန် (၂၀'x ၁၅'x ၁၀')ဝန်ထမ်းအိမ်ယာ(၆၀'x၂၂'x ၁၅')	
၆	အမျိုးသမီး	အမျိုးသမီး	အသက်မွေးဝမ်းကြောင်းသင်တန်း(စက်ချုပ်၊ လက်သမား၊ယိုထိုး)	

၇	အမျိုးသမီး	အမျိုးသမီး	သားအိမ်ခေါင်းကင်ဆာဆိုင်ရာဟောပြောပွဲ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး	

နောက်ဆက်တွဲ(၁)

ရွှေပုထိုး(မ) ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်	မှတ်ချက်
၁	ဦးညီဖြိုး	ဦးတိုးစိန်			ဥက္ကဋ္ဌ		
၂	ဦးပြည့်ဖြိုး	ဦးအောင်သန်း			အဖွဲ့ဝင်		
၃	ဒေါ်ဖြူဖြူသင်း	ဦးချစ်လှိုင်			အဖွဲ့ဝင်		
၄	ဦးကြည်မောင်	ဦးခင်မောင်			အဖွဲ့ဝင်		
၅	ဦးဖိုးချို	ဦးဖိုးကောင်း			အတွင်းရေးမှူး		
၆	ဒေါ်နုခင်	ဦးကြာသီ			အဖွဲ့ဝင်		
၇	ဒေါ်အေးနန္ဒာ	ဦးဘအောင်			စာရင်းကိုင်		

နောက်ဆက်တွဲ(၃)

ဖွံ့ဖြိုးရေးဗျူတည်ဆောက်မှုအခြေပြဇယား (ရွှေပုထိုး(မ))ကျေးရွာ

ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက်

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေ ကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းရန်နည်းလမ်း	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	သောက်သုံးရေလုံလောက်မှုမရှိ ပုံမှန်မရရှိနိုင်ခြင်း	ရေဖမ်းကန်နေရာမကောင်းရေဖမ်းက ပျက်စီး ရေလှောင်ကန်ပေါက် ရေပိုက်များပျက်စီးခြင်း	ရေယူရန်သင့်တော်သောနေရာရှိ ထုလုပ်အားရှိ	ပြုပြင်ရန်နှင့်အသစ်လုပ်ရန် ငွေလိုအပ် နည်းပညာလိုအပ်	ကျေးလက်ဖွံ့ဖြိုးရေးနှင့်ရေအရင်းအမြစ်ဦးစီး န+လူထုလုပ်အားပူးပေါင်း၍ဖြေရှင်းမည်	ရေဖမ်းကန်အရွယ်အစား အလျား ၁၀ပေ အနံ၅ပေ အလျား၁၀ပေ အနံ၈ပေ အမြင့်၈ပေရေလှောင်ကန်ပြုပြင်ရန်
၂	လှောင်စာထင်းအဖြစ်ခုတ်ယူသုံ သဖြင့်သစ်တောနှင့်ရေအရင်းအ စ်နည်းပါးလာ ထင်းခုတ်သည့်အလုပ်နှင့်ထင်း လိုအပ်လာ	မဟာဓာတ်အားလိုင်းနှင့်ဝေးလို ဆိုလာဖယောင်းတိုင်အသုံးပြုနေရ	မဟာဓာတ်အားလိုင်းဆွဲယူရန်လ ထုလုပ်အားပါဝင်နိုင်မည်	ငွေကြေးနှင့်နည်းပညာရှိုတ က်အားနည်းမှု	ကျေးလက်ဖွံ့ဖြိုးရေးနှင့်လျှပ်စစ်ဦးစီးဌာန ရုံးကိုချိတ်ဆက်ပြီးလူထုနှင့်ပူးပေါင်း၍ဖြည့်နိုင်	ပင်းတယမြို့မှ ရွာသို့ကွာဝေး (၁၃)မိုင်အတွက်ဓာတ်တိုင်မီးကြိုးနှ ထရန်စဖော်မာလိုအပ်
၃	မိုးရာသီသွာလာမှုခက်ခဲ	ကျောက်ကြမ်းခင်းလမ်း လမ်းဘေးနူတ်မြောင်းတံတားမရှိသ ကအတွက်လမ်းပျက်စီးလွယ်	လမ်းဟောင်းရှိ လူထုလုပ်အားရှိ	ငွေကြေးခက်ခဲ စက်ယန္တယားနှင့် နည်းပညာ	ကျေးလက်ရုံးနှင့်ဆက်သွယ်ပြီးလူထုလုပ်အာ ပေါင်းဆောင်ရွက်မည်။	ရွာလယ်လမ်းကျောက်ချောလမ်းခ န်လမ်းအရှည်မိုင် အကျယ်၂ ပေနှင့်မြောင်းသွယ်တံတား အကျယ ၁၈ ပေရှိ တံတားနှ စင်း
၄	စိုက်ပျိုရေးနည်းပါး၍နွေရာသီး ငှ်သောက်သုံးရေမလုံလောက်	စိမ့်စမ်းရေဝေရေလဲနေရာတွင်တောင် ာချဲ့ထွင်မှုတောမီးလောင်မှုကြောင့် သစ်တောဖြုန်တီးခြင်း	သစ်တောများပြန်လည်စိုက်ပျိုး မြေနေရာနှင့်လူအင်အားရနိုင်	တရာဝင်သစ်တောထိမ်းသိမ် ရေးအဖွဲ့နှင့်သစ်တောစိုကိရန် ပျိုးပင်မရှိခြင်း	သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိမ်းသိမ် းဌာနဆက်သွယ်၍ကျေးလက်ဖွံ့ဖြိုးရေးရုံးနှ ထုပူပေါင်းဆောင်ရွက်မည်	ရေဝေရေလဲနေရာကြိုးဝိုင်းသတ်မှ ၍ထိမ်သိမ်းမည်သစ်ပင်ပြန်လည်စို ပျိုးပြီးစည်ဝေးဟောပြောပွဲပြုလုပ်၍ င်းဝန်းထိမ်းသိမ်းကြမည်
၅	ကျောင်းသားသူနှင့် ဆရာ/မများသောက်သုံးရေလုံလ ောက်မှုမရှိ	ရေတွင်းရေကန်မပြည့်စုံ	ရေတွင်း/ရေကန်တည်ဆောက်ရန် မြေနေရှိ လူထုလုပ်အားရနိုင်	ငွေကြေးလိုအပ်	ကျေးလက်ဖွံ့ဖြိုးရေးရုံးနှင့်ဆက်သွယ်ပြီး အဖွဲ့များသီးခြားအလှူရှင်များရှာဖွေအကူညီ ာင်းဆောင်ရွက်မည်။	သောက်သုံးရေကန်တည်ဆောက်ရ အလျား၂၀ပေ အနံ၁၅ပေနှင့်အမြင့်၁၀ပေအတွက်ကု န်ကျငွေ
၆	ဆရာ/မများသိပ်သည်းစွာ စုပေါင်းနေထိုင်ကြရ	ဝန်ထမ်းအိမ်ရာမပြည့်စုံခြင်း	တည်ဆောက်ရန်မြေနေရာလူထု ပ်အား နှင့်သဲကျောက်များရနိုင်	ငွေကြေးမပြည့်စုံ	ကျေးလက်ဖွံ့ဖြိုးရေးရုံးနှင့်ဆက်သွယ်မြို့နယ် ာရေးရုံးနှင့်ပူးပေါင်းဖြေရှင်းမည်	ဝန်ထမ်းအိမ်အတွက်အလျားပေအ နံ၂၂ ပေအမြင့်၁၅ပေရှိ သွပ်မိုးအုတ်ကာ ကုန်ကျစရိတ်
၇	အလုပ်လက်မဲ့များကျေးရွာပြင် သို့အလုပ်ရှာသူများစားသောက် ကုန်ကုန်ကြမ်းဆုံးရှုံးမှုများ	နည်းပညာမတတ်အရင်းအနှီးမရှိ	သင်ယူမည့်သူရှိ သရက်မန်ကျည်ကျောက်ဖရုံ စတော်ဘယ်ရီနှင့်ခရမ်းချဉ်စသ ကုန်ကြမ်းရှိ	အရင်နှီးနှင့်နည်းပညာပေးမ ယ့်သူမရှိ	ကျေးလက်ဖွံ့ဖြိုးရေးရုံးနှင့်ဆက်သွယ်ဖြေရှင်း ည့်	စက်ချုပ်သင်တန်းလက်သမား၁ ာန်းစက်မှုလက်မှုသင်တန်းနှင့်ယို နည်းအိမ်းတွင်မှုသင်တန်းတက်ရေ က်လိုဖွင့်စေလို
၈	ကျန်းမာရေးချို့တဲ့မှုရှိအိမ်မှုကိစ္စ ားဝတ်နေရေးကလေးမွေးစုန သည့်နှင့်အချိန်ကုန်	လိုအပ်သောကာကွယ်ဆေးမထိုးနိုင် းနှင့်အသိပညာနည်းပါးခြင်း	ကာကွယ်ဆေးငွေကြေးနှင့်မြို့နယ ကျန်းမာရေးဌာနကိုအသိပညာ ပေးပြောပြမည့်သူမရှိ	ကျေးလက်ဖွံ့ဖြိုးရေးဌာနနှင့် ကျန်းမာရေးဌာနကိုဆက်သွ ယ်လူထုကိုအသိပညာပေးပြော ောပွဲပြုလုပ်ပေးရန်	ကျူးအခြောက်ခံစက်ရုံ တည်ဆောက်ပေးရန်	ကျူးအခြောက်ခံစက်ရုံ တည်ဆောက်ပေးရန်

ရွှေပုထိုး(မ)ကျေးရွာ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများလျာထားချက်

စဉ်	အဆိုပြု လုပ်ငန်းများ	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	ငါးဖမ်းကန် (၁၀ပေx၁၅ပေx ၁၂ပေ)ရေလှောင်ကန်(၁၅ပေ x၁၈ပေx ၈ပေ) ရေပိုက်	၇	-				
၂	လျှပ်စစ်မီးရရှိရေး(ထရန်စဖော်မာနှင့် မီးကြိုး)	၁		-			
၃	ရွာလယ်ကျောက်ချောလမ်း (၃)မိုင် အရှည်၊ အကျယ်(၁၂) ပေအကျယ်(၄)စင်း	၂		-	-		
၄	ရေဝဲရေလဲနေကြိုးပိုင်းသတ်မှတ်၍ ထိန်းသိမ်းခြင်း သစ်ပင်ပြန်လည်စိုက်ပျိုးခြင်း ဟောပြောပွဲပြုလုပ်ခြင်း	၄	-	-	-	-	-
၅	ကျောင်းသောက်သုံးရေကန် (၂၀'x ၁၅'x ၁၀')ဝန်ထမ်းအိမ်ယာ(၆၀'x၂၂'x ၁၅')	၃	-	-	-	-	-
၆	အသက်မွေးဝမ်းကြောင်းသင်တန်း(စက်ချုပ်၊ လက်သမား၊ယိုထိုး)	၆	-	-	-	-	-
၇	သားအိမ်ခေါင်းကင်ဆာဆိုင်ရာဟောပြောပွဲ သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေး	၅				-	